ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

၏

အုပ်ချုပ်ရေးသတင်းစဉ်

January 10 . 2023

(၁၀ / ၂၀၂၃)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထဲရေး နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန
https://mohai.nugmyanmar.org/

**အကြမ်းဖက်စစ်ကောင်စီ၏ တရားမဝင်အတုအယောင်ရွေးကောက်ပွဲတွင်
ပူးပေါင်းပါဝင်ခြင်း မပြုရန် ကြေညာခြင်း**

အမိန့်ကြေညာစာအမှတ် (၂/၂၀၂၃)

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၄) ရက်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်

၁။ မင်းအောင်လှိုင် ဦးဆောင်သော အကြမ်းဖက်ဖက်ဆစ်စစ်အုပ်စုသည် တရားမဝင် အတုအယောင် ရွေးကောက်ပွဲအတွက် ဇန်နဝါရီလ (၉) ရက်နေ့မှ ၃၁ ရက်နေ့အထိ (၂၃) ရက်တာ "တစ်အိမ်တက်ဆင်း" လူဦးရေစာရင်း ကောက်ယူသွားရန် ဆောင်ရွက်လျက်ရှိသော်လည်း အချို့သောနေရာများတွင် ဇန်နဝါရီလ ၇ ရက်နေ့ ကတည်းက စစ်ကောင်စီ၏ လက်ကိုင်တုတ်ဖြစ်သော အုပ်ချုပ်ရေးအဖွဲ့များနှင့် လဝကအဖွဲ့များက လူဦးရေနှင့် သန်းခေါင်စာရင်းများကို အတင်းအကျပ်ကောက်ခံနေပြီဖြစ်ကြောင်း သိရှိရပါသည်။

၂။ အဆိုပါ အကြမ်းဖက်ဖက်ဆစ် စစ်အုပ်စု၏ တရားမဝင်အတုအယောင် ရွေးကောက်ပွဲနှင့် ပတ်သက်၍ အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနမှ အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

(က) ပြည်သူများအနေဖြင့် ဇန်နဝါရီလ (၉) ရက်နေ့မှ (၃၁) ရက်နေ့အထိ အကြမ်းဖက်ဖက်ဆစ်စစ်အုပ်စု၏ တစ်အိမ်တက်ဆင်း လူဦးရေစာရင်း ကောက်ယူခြင်းလုပ်ငန်းစဉ်ကို ငြင်းဆန်၍ မပူးပေါင်းကြရန် မေတ္တာရပ်ခံအပ်ပါသည်။

(ခ) တစ်အိမ်တက်ဆင်း မြေပြင်လူဦးရေစာရင်းကောက်ယူနိုင်ရေးအတွက် အားပေးအားမြှောက်ပြုဆောင်ရွက်ကြသည့် အကြမ်းဖက်ဖက်ဆစ်စစ်အုပ်စု၏ အုပ်ချုပ်ရေးအဖွဲ့များ၊ လဝကအဖွဲ့များနှင့် အခြားမည်သည့်ဒေါက်တိုင်မဆို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် ပြင်းပြင်းထန်ထန် တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

(ပုံ)လွင်ကိုလတ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

စာ-၃

ပြည်သူ့ရဲလုပ်ငန်းနှင့် ပြည်သူ့လုံခြုံရေး လုပ်ငန်းဝင်သင်တန်းဖွင့်လှစ်ပို့ချ

စာ-၄

မိဘပြည်သူများအနေဖြင့် စစ်ကောင်စီ၏ အကြမ်းဖက် ကျူးလွန်မှုများကို People's Reporter ၏ Page Messenger မှတဆင့် သတင်းပေးပို့ တိုင်ကြားနိုင်ပါတယ်။
https://www.facebook.com/peoplesreportermyanmar/

(၉.၁.၂၀၂၃)ရက်နေ့ ညနေ (၆) နာရီမှ(၁၀.၁.၂၀၂၃)ရက်နေ့ ညနေ (၆) နာရီအထိ ရရှိသည့် သတင်းများဖြစ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ၏ (၈၂) ကြိမ်မြောက် အစိုးရအဖွဲ့ အစည်းအဝေးသို့ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတက်ရောက်

"စစ်ရေးစိုးမိုးဧရိယာတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာတာကို နွေဦးတော်လှန်ရေးရဲ့ အားသာချက် အဖြစ် ရှုမြင်ဖို့လိုအပ်တယ်လို့ ယာယီသမ္မတပြောကြား"

အမျိုးသားညီညွတ်ရေးအစိုးရရဲ့ ၈၂ ကြိမ်မြောက် အစိုးရအဖွဲ့အစည်းအဝေးကို ဒီနေ့မနက် ၁၀ နာရီမှာပြုလုပ်ခဲ့ကြပါတယ်။ အစည်းအဝေးကို ယာယီသမ္မတ ဒူဝါလရှီးလ၊ ပြည်ထောင်စု ဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းတို့ အပါအဝင် ပြည်ထောင်စုဝန်ကြီးတွေ၊ ဒုဝန်ကြီးတွေ တက်ရောက် ခဲ့ကြပါတယ်။

အစည်းအဝေးတွင် ယာယီသမ္မတ ဒူဝါလရှီးလက အဖွင့်အမှာစကားပြောကြားကာ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းကနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပါသည်။

အစည်းအဝေးမှာ လူသားချင်းစာနာထောက်ထားရေးနဲ့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက MOHADM One Year Plan Phase 1 completion တင်ပြတာ၊ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်ခင်မမမျိုးက တော်လှန်ရေးအခြေအနေအား သုံးသပ်တာနဲ့ အောင်မြင်စေ နိုင်တဲ့ နည်းလမ်းများအား အကြံပြုတင်ပြတာ၊ စီမံကိန်း၊ ဘဏ္ဍာရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနနဲ့ လျှပ်စစ်နဲ့စွမ်းအင် ဝန်ကြီးဌာနက Early Partnership Programme နဲ့ ပတ်သက်ပြီး မိုးကုတ်ရတနာမြေ ကိစ္စတင်ပြတာတွေကို ပြုလုပ်ခဲ့ကြပါတယ်။

အဲဒီနောက် ပြည်ထောင်စု ဝန်ကြီးချုပ်က တင်ပြလာတာတွေကို ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး ယာယီသမ္မတက နိဂုံးချုပ်အမှာ စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

အကြမ်းဖက်စစ်ကောင်စီ၏ တရားမဝင်ရွေးကောက်ပွဲတွင် ပူးပေါင်းပါဝင်ခြင်း မပြုရန် ကြေညာခြင်း

အမိန့်ကြေညာစာအမှတ် (၂/၂၀၂၃)

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၄) ရက်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်

မင်းအောင်လှိုင်ဦးဆောင်သော အကြမ်းဖက် ဖက်ဆစ်စစ်အုပ်စုသည် တရားမဝင် အတုအယောင် ရွေးကောက်ပွဲအတွက် ဇန်နဝါရီလ (၉)ရက်နေမှ (၃၁)ရက်နေ့အထိ ၂၃ရက်တာ "တစ်အိမ်တက်ဆင်း" လူဦးရေစာရင်း ကောက်ယူသွားရန် ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော နေရာများတွင် ဇန်နဝါရီ (၇) ရက်နေ့ကတည်းက စစ်ကောင်စီ၏လက်ကိုင်တုတ်ဖြစ်သော အုပ်ချုပ်ရေးအဖွဲ့များနှင့် လဝကအဖွဲ့များက လူဦးရေနှင့် သန်းခေါင်စာရင်းများကို အတင်းအကျပ်ကောက်ခံနေပြီဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ အကြမ်းဖက် ဖက်ဆစ်စစ်အုပ်စု၏ တရားမဝင်အတုအယောင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနမှ အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

(က) ပြည်သူများအနေဖြင့် ဇန်နဝါရီလ (၉)ရက်နေ့မှ (၃၁) ရက်နေ့အထိ အကြမ်းဖက် ဖက်ဆစ်စစ်အုပ်စု၏ တစ်အိမ်တက်ဆင်း လူဦးရေစာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်ကို ငြင်းဆန်၍ မပူးပေါင်းကြရန် မေတ္တာရပ်ခံ အပ်ပါသည်။

(ခ) တစ်အိမ်တက်ဆင်း မြေပြင်လူဦးရေစာရင်းကောက်ယူနိုင်ရေးအတွက် အားပေးအားမြှောက်ပြုဆောင်ရွက်ကြသည့် အကြမ်းဖက် ဖက်ဆစ်စစ်အုပ်စု၏ အုပ်ချုပ်ရေးအဖွဲ့များ၊ လဝကအဖွဲ့များနှင့် အခြားမည်သည့်ဒေါက်တိုင်မဆို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် ပြင်းပြင်းထန်ထန် တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

(ပုံ)လွင်ကိုလတ်

ပြည်ထောင်စုဝန်ကြီး

ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ

ပြည်သူ့ရဲလုပ်ငန်းနှင့် ပြည်သူ့လုံခြုံရေး လုပ်ငန်းဝင်သင်တန်းဖွင့်လှစ်ပို့ချ

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်

စစ်ကိုင်းတိုင်းဒေသကြီး၊ အထူးအုပ်ချုပ်ရေးဒေသအတွင်းရှိ ခန့်အပ်ပြီး CDM ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့လုံခြုံရေး အဖွဲ့ဝင်များ (ပြည်သူ့ရဲတပ်ဖွဲ့ဝင်အဖြစ်လျှောက်ထားသူများ)အား မြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ပြည်သူ့ရဲ လုပ်ငန်း နှင့် ပြည်သူ့လုံခြုံရေးလုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၂/၂၀၂၃)ကို ၉.၁.၂၀၂၃ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါသင်တန်းကို ၉.၁..၂၀၂၃ ရက်နေ့မှ ၆..၂..၂၀၂၃ ရက်နေ့ထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမှုစစ်လုပ်ငန်းများ၊ ဦး/ရေး/ထောက်ဆိုင်ရာ လုပ်ငန်းများအားမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်တရားရေးတာဝန်ခံတို့မှ သင်ကြားပို့ချ ခဲ့ပါသည်။

ဂျပန်ဦးနှောက်ရောင်ရောဂါ (Japanese Encephalitis - JE)



ဂျပန်ဦးနှောက်ရောင်ရောဂါဆိုသည်မှာ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသော ရောဂါတစ်မျိုး ဖြစ်သည်။ အာရှတိုက်နိုင်ငံများ၊ ပစိဖိတ်ကျွန်းအချို့နှင့် ဩစတေးလျမြောက်ပိုင်းနေရာ အနည်းငယ်တွင် တွေ့ရသည်။ အစဉ်အလာအားဖြင့် ကလေးများတွင် ဖြစ်တတ်သောရောဂါအဖြစ် စဉ်းစားခဲ့ကြသော်လည်း လူထု၏ ခုခံကာကွယ်နိုင်စွမ်းအားမရှိသေးသည့် ယခင်က ရောဂါမဖြစ်ဘူးသေးသော နေရာဒေသအသစ်များတွင် ဗိုင်းရပ်စ်ပိုး စတင်ဝင်ရောက်သောအခါ ဂျပန်ဦးနှောက်ရောင်ရောဂါသည် အသက်အရွယ်အားလုံးတွင် ဖြစ်ပွားနိုင်ပါသည်။

အသေးစိတ်ကို အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန facebook page တွင်လေ့လာနိုင်ပါသည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်နေ့အထိ တော်လှန်ရေး ကာလအတွင်း စစ်ကောင်စီ၏ အကြမ်းဖက်မှုကြောင့် ကျဆုံးသွားခဲ့သော အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ် ပမာဏပြ ပုံစံကားချက်

(၉.၁.၂၀၂၃)ရက်နေ့ ညနေ (၆) နာရီမှ(၁၀.၁.၂၀၂၃)ရက်နေ့ ညနေ (၆) နာရီအထိ ရရှိသည့် သတင်းများဖြစ်ပါသည်။

အကြမ်းဖက်စစ်တပ်က စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ပန်းညိုရွာကို ဝင်ရောက် မီးရှို့မှုကြောင့် ပြည်သူပိုင်နေအိမ်များ မီးလောင်ဆုံးရှုံး

ဇန်နဝါရီလ ၉ ရက်နေ့၊ ညနေ ၃ နာရီ ၂၀ မိနစ်တွင် အကြမ်းဖက်စစ်တပ်က စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ ပန်းညိုရွာကို ဝင်ရောက် မီးရှို့မှုကြောင့် ပြည်သူပိုင်နေအိမ်မီးလောင်ဆုံးရှုံးမှု အခြေအနေကို အတည်မပြုနိုင်သေးကြောင်း သိရသည်။ အကြမ်းဖက် စစ်တပ် စစ်ကြောင်းသည် ဇန်နဝါရီလ ၇ ရက်နေ့တွင် ဧရာဝတီမြစ်ကြောင်းမှ တဆင့် ပန်းညိုရွာသို့ ဝင်ရောက်လာခြင်း ဖြစ်ပြီး ပြည်သူပိုင် ပစ္စည်းများကို ခိုးကာ ကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။အကြမ်းဖက် စစ်တပ် စစ်ကြောင်းသည် ၂၀၂၂ ခုနှစ် မေလ ၁၈ ရက်နေ့ကလည်း ပန်းညိုရွာကို မီးရှို့ဖျက်ဆီးခဲ့ပြီး နေအိမ် ၁၄ လုံး မီးလောင်ပြာကျခဲ့ကြောင်း သိရသည်။



စစ်ကိုင်းတိုင်း၊ ကလေးမြို့၊ တာဟန်းရပ်ကွက်မှာ ဇန်နဝါရီလ ၉ ရက်ဒီနေ့မနက်ပိုင်းက စစ်ကောင်စီတပ်သားတွေ ၂ ကြိမ်တိုက်ခိုက်ခံရ၍ ၎င်းတို့ ရမ်းသန်းပစ်ခတ်ရာက ရပ်ကွက်နေ အသက် ၆၀ ကျော်အရွယ် အမျိုးသမီးတဦးမှာ သေနတ်ကျည် ထိမှန်သေဆုံးခဲ့ကြောင်းသိရသည်။

ဇန်နဝါရီလ ၉ ရက်နေ့ မွန်းလွဲ ၃ နာရီခန့်တွင် ဖားကန့်အခြေစိုက် အလွတ်တန်းသတင်းထောက်ဖြစ်သည့် ကိုဇော်မိုးထက်ကို မန္တလေးမြို့နေအိမ်မှ အကြမ်းဖက်စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့ပြီး ဖုန်းနှင့် ကွန်ပျူတာများကိုလည်း သိမ်းဆည်းသွားကြောင်း သိရသည်။

စစ်ကိုင်းတိုင်း၊ ကျွန်းလှမြို့တွင် ရွာစဉ်လှည့်နေသည့် စစ်တပ်လက်ထဲမှ ၁ ဦး၏ ရုပ်အလောင်းကို ဒေသခံတို့ တွေ့ရပြီး အခြား ၁ ဦး ပျောက်ဆုံးနေသည်၊ နေအိမ်များလည်း မီးရှို့ခံနေရသည်။

စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့ပေါ်မှာ ဇန်နဝါရီ ၉ ရက် မနက်က စစ်ကောင်စီတပ်က သေနတ်နဲ့ ပစ်ခတ်လို့ ပြည်သူတဦး ပေါင်ထိမှန် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။ အဆိုပါဒဏ်ရာရရှိသူဟာ လင်းလဲ့မြေ စိုက်ပျိုးရေးဆေးဆိုင်ပိုင်ရှင် ကိုနွယ်ဦး ဖြစ်တယ်လို့လည်း သိရသည်။

စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်တွင် စစ်ကောင်စီတပ်က တစ်ပတ်အတွင်း ကျေးရွာ ၁၁ရွာ မီးရှို့ဖျက်ဆီးပြီး ကျေးရွာတစ်ရွာမှ အသက်(၈၀)ကျော် အဘိုးအိုတစ်ဦးပါ မီးရှို့သတ်ဖြတ်ခဲ့ကြောင်း သိရသည်။ ဒီပဲယင်းမြို့နယ်တွင် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်ဒီဇင်ဘာအတွင်းကလည်း ကျေးရွာ(၂၂)ရွာမှ အိမ်ခြေ ၂,၉၀၀ကျော် မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ အာဏာသိမ်းကာလတစ်လျှောက် ဒီပဲယင်းမြို့နယ်အတွင်း နေအိမ်ပေါင်း ၄,၂၀၀ကျော်ခန့် မီးရှို့ဖျက်ဆီးခံရပြီး မီးလောင်ဆုံးရှုံးခဲ့ရသည်။

စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ် ထန်းကုန်းရွာ ဘုန်းကြီးကျောင်းပိုင်းထဲသို့ ဇန်နဝါရီလ ၉ ရက်နေ့တွင် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက် ၇၀ အရွယ် ဦးကျော်ခင် သေဆုံးခဲ့ပြီးပြည်သူ ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရပါသည်။ အလယ်တောရွာနဲ့ ထန်းကုန်းရွာကြားမှာ စစ်ကောင်စီတပ်နဲ့ ဒေသခံပြည်သူ့ကာကွယ်ရေးတပ်တွေ တိုက်ပွဲဖြစ်ပွားမှုကြောင့် ထန်းကုန်းရွာက ဒေသခံပြည်သူများသည် ရွာဘုန်းကြီးကျောင်းမှာ သွားရောက် တိမ်းရှောင်နေကြစဉ် တိုက်ပွဲအတွင်း စစ်ကောင်စီဘက်က ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်က ဘုန်းကြီးကျောင်းဝန်းထဲ အရပ်သားတွေကြားကို ကျရောက်ပေါက်ကွဲခဲ့ ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်မှ ထွက်ပြေးလာသော ချင်းဒုက္ခသည်များကို နေရပ်ပြန်မပို့ရန် မီဇိုရမ်တွင် ဆန္ဒထုတ်ဖော်

ဘင်္ဂဘားဒေ့ရှ်အစိုးရတပ်နှင့် ကူကီးချင်းအမျိုးသားတပ်မတော် (KCNA) အကြား တိုက်ပွဲကြောင့် နေရပ်စွန့်ခွာထွက်ပြေးလာကြသော ဘောမ်ချင်းနှင့် ကူကီးချင်း စစ်ဘေးဒုက္ခသည်များကို နေရပ်ပြန်မပို့ရန် Central Young Mizo Association (CYMA) ဦးဆောင်မှုဖြင့် ယနေ့တွင် မီဇိုရမ်ပြည်နယ် အိုင်ဇောလ်မြို့၌ ဆန္ဒထုတ်ဖော်ကြပါတယ်။

ဘင်္ဂဘားဒေ့ရှ်အစိုးရတပ်ရဲ့ စစ်ရေးစစ်ဆင်မှုကြောင့် ၂၀၂၂ခုနှစ် နှစ်ကုန်ပိုင်းကစလို့ ချင်းဒုက္ခသည်ရာချီ မီဇိုပြည်နယ်သို့ထွက်ပြေးလာကြပြီး ယခုနှစ် ဇန်နဝါရီလအထိ ဒုက္ခသည်တွေ ဆက်လက်ဝင်ရောက်လာကြတယ်လို့ မီဇိုရမ်သတင်းများက ဖော်ပြထားပါတယ်။

မီဇိုရမ်သို့ ဝင်ရောက်လာသော ဘင်္ဂလားဒေ့ရှ် ချင်းဒုက္ခသည်များကို နယ်စပ်၌ အန္တိယတပ်ဖွဲ့က အစာရေစာတွေပေးပြီး ကူညီပေးတာတွေရှိသလို မီဇိုအမျိုးသားတပ်ဦး (MNF) နှင့် CYMA က နေရာထိုင်ခင်းနှင့် စာနပ်ရိက္ခာအတွက် ဆက်လက်ကူညီဆောင်ရွက်ပေးကြပါတယ်။

မီဇိုလူမျိုးတွေဖြစ်ကြသည့် ဘင်္ဂလာဒေ့ရှ်ဖက်က စစ်ဘေးဒုက္ခသည်တွေကို မီဇိုရမ်အစိုးက ထိရောက်စွာကူညီရန်နှင့် လုံခြုံမှုမရှိသည့် ၎င်းတို့နေရပ်သို့ ပြန်မပို့ရန် CYMA ဦးဆောင်မှုဖြင့် ယနေ့တွင် ဆန္ဒထုတ်ဖော်တောင်းဆိုခြင်းဖြစ်သည်။